ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ဇင်ပြွန်းကုန်းကျေးရွာ၊ ပါဒကြီးကျေးရွာအုပ်စု

# မာတိကာ


၁။ကျောက်တန်းမြို့နယ်မြေပုံ........................................................................................2

၂။ပါဒကြီးကျေးရွာအုပ်စုမြေပုံ........................................................................................3

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း ............................................4

၄။ကျေးရွာအခြေခံအချက်အလက်များ ..........................................................................5

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် ...............6

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ..7

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ .................23

၈။ကျေးရွာကော်မတီစာရင်း.......................................................................................24

၉။ပုံစံ-၁။ကျေးရွာအချက်အလက်...................................................................................25


၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ..................................................................28

၁၁။အစည်းအဝေးမှတ်တမ်းများ ......................................................................................31

၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP).........................................35

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ

ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ



## ၂။ သနပ္ပင်ချင်းကျေးရွာအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ ပါဒကြီးကျေးရွာ

၂။ ဆေးဘိုးဝကျေးရွာ

၃။ ဖင်ပြွန်းကုန်းကျေးရွာ

၄။ ကျေးရွာအခြေခံအချက်အလက်များ

**၁။ ကျေးရွာသမိုင်းအကျဉ်း**

ဖင်ပြွန်းကုန်းကျေးရွာဖြစ်ပေါ်လာရခြင်းမှာ ကုန်းပေါ်တွင် ဖင်ပြွန်းပင်များပေါက်ရောက်နေခြင်းကြောင့် လွန်ခဲသော နှစ်ပေါင်း ၁၀၀ ကျော်ခန့်ကပင် ဖင်ပြွန်းကုန်းရွာဟု ခေါ်တွင်ခဲ့ပါသည်။ မူလတန်းကျောင်းသည် ယခင်ကတဲကရှိခဲ့ပြီး ယခုလက်ရှိတွင် မူလတန်းကျောင်းမရှိတော့ပါ။ ရှေးဟောင်းအမွေအနှစ်များအနေဖြင့် စေတီပျက် ၃ ဆူရှိပါသည်။ နှစ်ပေါင်း ၂၅၀၀ ကတည်းက မွန်ဘုရင် ရာဇာ့စောနောင် တည်းထားကိုးကွယ်ခဲ့သော စေတီများဖြစ်ပါသည်။ အိမ်ခြေ ၇၁ အိမ်သာရှိပြီး ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာကို ကိုးကွယ်ကြပါသည်။ ဟိန္ဒူဗုဒ္ဓ ဘာသာဘုရားကျောင်း (စူပရာမူနီယာဇွာမိ) နှစ်ပေါင်း ၁၀၀ ကျော်ကတည်းက တည်ရှိခဲ့ပြီး ယခုလက်ရှိတွင်လည်း ကိုးကွယ်ကြပါသည်။ ယခင်လမ်းဟောင်းများသည် မြေသားလမ်းများဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် အချို့သောလမ်းများတွင် ကွန်ကရစ်လမ်းများအဖြစ် ပြုပြင်ခဲ့ကြပါသည်။ ရွာသူရွာသားများသည် စိုက်ပျိုးရေးမွေးမြူရေးကို ယခင်ကတည်းက တနိုင်တပိုင် လုပ်ကိုင်ကြပါသည်။ ကွန်ကရစ်မြောင်းကူးတံတား ၂ စင်းရှိပါသည်။ ဖင်ပြွန်းကုန်း ဆက်ပိုင်းချောင်းကူးတံတား ကွန်ကရစ်တိုင် သစ်သားတစ်စင်းရှိပါသည်။ ကွမ်းစိုက်ပျိုးခြင်း၊ စပါးစိုက်ပျိုးခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ရွာအနီးတဝိုက်တွင် စက်ရေတွင်း ၁ တွင်းရှိပါသည်။ ရွာအတွင်းတွင် အိမ်တိုင်းလိုလို ရေတွင်းများရှိပါသည်။ ၂၀၀၈ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်ဖြစ်သော နာဂစ်မုန်တိုင်းနှင့် ရင်ဆိုင်ခဲ့ရပါသည်။ အိမ်ခေါင် အမိုးလံခြင်း အိမ်များပျိုခြင်း၊ စိုက်ပျိုးခြံများ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ လမ်းမီးများမရှိသော်လည်း ၂၀၁၆ ခုနှစ်တွင် နေအိမ်မီးများကို ရရှိခဲ့ပါသည်။ လျှပ်စစ်မီးများ အပြည့်အဝမရရှိသေးပါ၊ ကျန်းမာရေးဆေးပေးခန်းမရှိသောကြောင့် ရာသီအကူးအပြောင်းများတွင် ဖျားနာခြင်းနှင့် သွေးလွန်တုတ်ကွေးရောဂါများဖြစ်လာလျှင် မြို့နယ်ဆေးပေးခန်းသို့သွားရပါသည်။ မြို့နှင့်ဆက်ထားသောလမ်းမှာ ကွန်ကရစ်လမ်းဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော ရွာလေးတစ်ရွာဖြစ်ပါသည်။ ကျေးရွာမှ ဆိုင်ကယ်/စက်ဘီး နှင့် သွာလာရန်လွယ်ကူသောရွာတစ်ရွာဖြစ်၍ စီးပွားရေးတွင်လည်း အသင့်အတင့်ပြေလည်သော ရွာလေးတစ်ရွာဖြစ်ပါသည်။

### ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၃ | ၈ | ၇ | ၁၅ |
| ကရင် | ၂ | ၃ | ၅ | ၈ |

### ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၇ | ၄ | ၆ | ၁၀ |
| မြေယာမဲ့ | ၆ | ၇ | ၉ | ၁၆ |
| မသန်စွမ်း | ၂ | ၁ | ၁ | ၂ |

### ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးဆိုင် ၊ အသေးစား အထည်ချုပ် | နိုင်ငံခြားသွား |
| | ဝက် | အသေးစားအရောင်အဝယ် | |
| | ဘဲ | စက်ချုပ် | |
| | ဆိတ် | စိုက်ပျိုးရေး | |

### ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၅၀ဧက | - | ၃၅ | မရှိ | ၅/- | ၁ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | - | - | - | - | - | ၃ |

### ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၆ | ၅ | ၅ | - | ၂၅ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၁၀ | ၇ | ၃ | ၂၀ | - |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၁၅-၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၃၀ | ၄၂ | ၇၂ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၁၅-၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၆ | ၂၁ | ၃၇ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှုအဆင့် သတ်မှတ်ချက် | ၁၅-၁-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၁၄ | ၂၁ | ၃၅ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံ သုံးသတ်ချက် | ၁၅-၁-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၁၆ | ၂၁ | ၃၇ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၁၅-၁-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၁၆ | ၂၁ | ၃၇ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ချက် | ၁၅-၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၄ | ၂၁ | ၃၅ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ


**၁။လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။**



**သုံးသပ်ချက်**

ဇင်ပြွန်းကုန်းကျေးရွာသည် ကျောက်တန်းမြို့နှင့် ၂ မိုင် ကွာဝေးပါသည်။ ဇင်ပြွန်းကုန်းကျေးရွာသည် အိမ်ခြေ ၇၁ အိမ်ဖြင့် တည်ရှိနေပါသည်။ ကျေးရွာသူ/သားများသည် ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာဟု ကိုးကွယ်ကြပါသည်။ ဟိန္ဒူဘုရားကျောင်း ၂ ကျောင်းရှိပါသည်။ ကျေးရွာတွင်းစီးပွားရေးလုပ်ငန်းများမှာ ဆန်စက်၊ ကြက်မွေးမြူရေး၊ စိုက်ပျိုးရေး လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ တစ်နိုင်တပိုင် အိမ်တွင်းမှု အထည်ချုပ်လုပ်ငန်း အသေးစားလုပ်ငန်းများလည်းရှိပါသည်။ တံတား ၂ စင်းရှိပါသည်။ ၄င်းတံတားများသည် သစ်သားတံတားနှင့် ကွန်ကရစ်တံတားဖြစ်ပါသည်။ တံတားသည် ပျက်စီးနေ၍ အသစ်ပြုပြင်ရန် လိုအပ်ပါသည်။ ကျေးရွာအတွင်း သောက်သုံးရေလုံလောက်မှုရှိပါသည်။ ကျေးရွာ၏ တောင်ဘက်နှင့်မြောက်ဘက်တွင် လယ်များရှိပါသည်။ ရွာအရှေ့ခြမ်းနှင့် တောင်ဘက်ခြမ်းကို ပါဒကြီးချောင်း ပိုင်းခြားထားပါသည်။ ရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရခက်ခဲပါသည်။

၂။ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက်။



ဥစ္စာဓနကြွယ်ဝမှုဇယား

ပါအိုကြီးကျေးရွာအုပ်စု၊ လဲပြွန်းကုန်းကျေးရွာ (၁၆၊၁၊၂၀၁၇)


| စဉ် | အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | ပြေလည်သော အဆင့် | ပျဉ်ထောင်သွပ်မိုး၊ ဆိုင်ကယ် TV၊ ရေခဲသေတ္တာ | ၁၀ | ၁၄ % |
| ၂။ | နွမ်းပါးသော အဆင့် | ဝါး၊ ဓနိမိုး၊ ထရံကာ၊ | ၄၆ | ၆၅ % |
| ၃။ | အလွန်နွမ်းပါးသောအဆင့် | အိမ်ငှား၊ အိမ်ပိုင်မရှိ၊ မြေပိုင်မရှိ | ၁၅ | ၂၁ % |


**သုံးသပ်ချက်**

ကျေးရွာတွင် ပြေလည်သောမိသားစု၊ နွမ်းပါးသောမိသားစု၊ အလွန်နွမ်းပါးသောမိသားစု ဟူ၍ လူမှုစီးပွားအဆင့် ၃ ဆင့် သတ်မှတ်ထားပါသည်။ ပြေလည်သောမိသားစု များပိုင်ဆိုင်သော အရင်းအမြစ်များမှာ ပျဉ်ထောင်သွပ်မိုးအိမ်၊ ဆိုင်ကယ်၊ ရေခဲသေတ္တာ၊ တီဗွီ စသည်တို့ကို ပိုင်ဆိုင်ထားပြီး အိမ်ထောင်စု ၁၀ စု နှင် ရာခိုင်နှုန်း (၁၄%)ရှိပါသည်။ နွမ်းပါးသောမိသားစု များမှာ အိမ်ထောင်စု ၄၆ စုရှိပြီး ရာခိုင်နှုန်း (၆၅%)ရှိပြီးငှင်းတို့ ပိုင်ဆိုင်သော အရာများမှာ ဝါးဓနိမိုး၊ထရံကာအိမ်ကိုပိုင်ဆိုင်ထားပါသည်။ အလွန်နွမ်းပါးသော အိမ်ထောင်စုများမှာ အိမ်ငှား၊အိမ်ပိုင်မရှိ၊ မြေပိုင်မရှိခြင်းတို့ကြောင့်ဖြစ်ပါသည်။ ၎င်းအိမ်ထောင်စုများမှာ ၁၅ စုရှိပြီး ရာခိုင်နှုန်းအားဖြင့် (၂၁%)ရှိပါသည်။

ကျေးရွာအတွင်းနွမ်းပါးရခြင်းမှာ ဂင်ငွေနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးခြင်း၊ ပုံမှန်ဂင်ငွေမရှိခြင်း၊အရွယ်မတိုင်ခင်လုပ်ငန်းခွင်ကိုဝင်ရခြင်းများ၊အသိပညာ၊အတတ်ပညာများနည်းပါးခြင်းများ ကြောင့် ကျေးရွာတွင် အလွန်နွမ်းပါး ရခြင်းဖြစ်ပါသည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။





သုံးသပ်ချက်

**စပါးနှင့်ပဲစိုက်ပျိုးရေး** မိုးရာသီတွင်စပါးစိုက်ပျိုး၍ ဆောင်းရာသီတွင်စပါးရိတ်သိမ်းကာ ပဲစိုက်ပျိုးရန် အတွက်ပြင်ဆင်ပါသည်။ တပို့တွဲ ၊ တပေါင်းလတွင် ပဲနုတ်ပါသည်။

**ကွမ်းစိုက်ပျိုးရေး** ဝါဆိုလတွင်စတင်စိုက်ပျိုး၍ ဝါခေါင်မှ တပေါင်းလထိ ခူးပါသည်။

**ဟင်းသီးဟင်းရွက်** သီတင်းကျွတ်၊တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း လတွင် စိုက်ပျိုးခြင်းနှင့် ခူးယူခြင်းများကို အဆောင်ပြေသလိုလုပ်ကိုင်သွားပါသည်။

**စက်ရုံ အလုပ်ရုံဝန်ထမ်း၊ အထည်ချုပ်နေ့စားလရှင်း** အလုပ်ဆင်းချိန်အား တနှစ်ပတ်လုံးလုပ်ကိုင်ကြပါသည်။

**မွေးမြူရေး** ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်၊ မွေးမြူရေးလုပ်ငန်းများကို တနှစ်ပတ်လုံးလုပ်ကိုင်ကြပါသည်။

**ပွဲတော်ကျင်းပချိန်** တန်းခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ ၊ ဝါဆိုလ ဝါဆိုသင်္ကန်းကပ်သည့်ပွဲ၊ တဆောင်မုန်လ ဘုရာလှည့်ပွဲ၊ မသိုးသင်္ကန်းကပ်ပွဲ၊ သီတင်းကျွတ်လတွင် ဆီမီး ၅၀၀၀ ပွဲ၊ပြာသိုလတွင် မြို့ဦးစေတီ ပဌာန်းပွဲ ၊ တပို့တွဲလ ပဌာန်းပွဲ တို့ကို ကျင်းပလေ့ရှိပါသည်။

**ဝင်ငွေရရှိမှု** ၁၂ရာသီပတ်လုံးနေစားလရှင်းလုပ်သားများမှ ဝင်ငွေရရှိပြီး တဆောင်မုန်းလနှင် တပေါင်းလ များတွင် တောင်သူလယ်သမားများမှ ပဲနှင့် စပါးများမှ ရသော ဝင်ငွေများရရှိပါသည်။

**သောက်သုံးရေရရှိမှု** သောက်ရေ/သုံးရေမှာ ၁၂ ရာသီလုံး လုံလောက်မှုရှိပါသည်။


**လမ်းပန်းဆက်သွယ်ရေး** မိုးရာသီတွင်ရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်သောကြောင့် သွားရေးလာရေးခက်ခဲ၍ ပွင့်လင်းရာသီတွင် သွားလာရာလွယ်ကူပါသည်။

**သဘာဝဘေးအန္တရာယ်** တစ်ခါတရံ ဆင်နာမောင်းဖြစ်တတ်ပါသည်။

**လုပ်ငန်းအားလပ်ချိန်** တနှစ်ပတ်လုံး လုပ်ငန်းခွင်ထဲတွင် အလုပ်ကိုင်နေရပါသည်။

**ကျန်းမာရေး** ရာသီအကူးအပြောင်းများတွင် ဝမ်းပျက်၊ ဝမ်းလျှောခြင်းများဖြစ်ပွားတတ်ပါသည်။

## ၄။ ဗင်းပုံစံ သုံးသပ်ချက်။




## သုံးသပ်ချက်

ကျေးရွာတွင်းအဖွဲ့အစည်းဖြစ်သည့် ကျေးရွာ အုပ်ချုပ်ရေးမှူးအဖွဲ့အစည်းနှင့် ဂေါပကအဖွဲ့တို့သည် ကျေးရွာ၏ ဘာသာရေးလုပ်ငန်းများကို ဦးဆောင်လုပ်ကိုင်နေကြပါသည်။ မြစိမ်းရောင်အဖွဲ့သည် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရန် အတွက် အုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာ၏ မီးဘေးအန္တရာယ် ကင်းဝေးရန်အတွက်လည်း မီးသတ်အဖွဲ့သည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်လျှက်ရှိပါသည်။ နာရေးကူညီမှုအသင်းနှင့် အမျိုးသား/သမီးအဖွဲ့တို့သည် ကျေးရွာ လူမှုရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား တိုးတက်ကောင်းမွန်ရန်အတွက် ချိတ်ဆက်ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာ၏ ကျန်းမာရေးများကောင်းမွန်ရန်အတွက် ရေးဦးသူနာပြုစုနည်းဖြင့် ကူညီဆောင်ရွက်လျှက် ရှိပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းဖြစ်သည့် မြို့နယ်ထွေအုပ်၊ ကျေးလက်ဦးစီးဌာနနှင့် ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်းကာ ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျှက် ရှိပါသည်။ ကျေးရွာ၏ လုံခြုံမှုအတွက် မြို့နယ်ရဲတပ်ဖွဲ့နှင့် ကျေးရွာအုပ်ချုပ်မှုအဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာ၏ မီးဘေးအန္တရာယ်ကင်းရှင်းရန်အတွက် ကျေးရွာမီးသတ် တပ်ဖွဲ့အား မြို့နယ်မီးသတ်တပ်ဖွဲ့မှ သင်တန်းများပေးခြင်း လေ့ကျင့်ပေးခြင်းများကို ဆောင်ရွက် ပေးပါသည်။

၅။ ပင့်ကူအိမ် သုံးသပ်ချက်။



## သုံးသပ်ချက်

**ဆုံးဖြတ်ချက်ချမှု** အမျိုးသားနှင့် အမျိုးသမီးများသည် ဆုံးဖြတ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက်ချမှုများတွင် တန်းတူ အခွင့်ရေးရှိပါသည်။

**အိမ်မှုကိစ္စ** ရေးရိုးစွဲ အစဉ်လာများ နှင့် အမျိုးသားများသည် မိသားစု စားဝတ်နေရေးအတွက်လည်း အပြင်ထွက်ရှာရခြင်းကြောင့် အမျိုးသမီးများက အိမ်တွင်းကိစ္စအဝဝကို ဆောင်ရွက်နေခြင်းကြောင့် အမျိုးသမီးများမှ သာနေရခြင်းဖြစ်ပါသည်။

**လုံခြုံမှု** လုံခြုံမှုတွင် အမျိုးသားနှင့် အမျိုးသမီး ကွာခြားမှု သိပ်မရှိပါ။ ခေတ်ကာလ ပြောင်းလဲလာသည်နှင့် အမျှ အမျိုးသမီးများသည်လည်း အမျိုးသားများတန်းတူ လုပ်ကိုင်လာနိုင်ခြင်းကြောင့်ဖြစ်ပါသည်။

**အလုပ်အကိုင်အခွင့်လမ်း** ကျေးရွာအနီးတွင် အထည်ချုပ်စက်ရုံများတွင် လုပ်ကိုင်သော အမျိုးသမီးအရေအတွက် များပြားလာခြင်းကြောင့် အမျိုးသမီးများသည် အမျိုးသားများထက် အလုပ်အကိုင်အခွင့်လမ်းများပြားနေရခြင်းဖြစ်ပါသည်။


**လူမှုရေးလုပ်ငန်းတွင်** ပါဝင်ခွင့်-အမျိုးသားများနှင့် အမျိုးသမီးများ သည် လူမှုရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှု တန်းတူ ပါဝင်နေသည်ကို တွေ့ရပါသည်။

**ပညာရေး** အမျိုးသမီးများသည် ပညာရေးတွင် ရှေ့ရောက်၍ အမျိုးသားများမှာ နောက်ကျကျန်နေသည်ကို တွေ့ရှိရပါသည်။

**ခေါင်းဆောင်မှု** အမျိုးသမီးများသည် ခေါင်းဆောင်မှုအပိုင်းတွင် ရေးရိုးစွဲအစဉ်လာများ၊ နေရာပေးမှုများမရှိခြင်းကြောင့် အမျိုးသားများထက် လျော့နည်းနေရခြင်းဖြစ်ပါသည်။

## ဖ။ပိုင်ဆိုင်မှု သုံးသပ်ခြင်း။




ပိုင်ဆိုင်မှုသုံးသပ်ခြင်း
နွား
အပ်ချုပ်စက်
ဆိုင်ကယ်
လယ်ယာမြေ
ရေတွင်း
ထွန်စက်
နွားလှည်း
ဖုန်း
TV
ရေခဲသေတ္တာ
ပါဝင်ဆွေးနွေးသူ ⇒ ကျား (၇) ယောက် စုစုပေါင်း ⇒ ၁၆ ယောက်
⇒ မ (၉) ယောက်

**သုံးသပ်ချက်**

**ထိန်းချုပ်မှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သောနွား၊ ဆိုင်ကယ်၊ လယ်ယာမြေ၊ ထွန်စက်၊ နွား၊ လှည်း၊ ရေတွင်း၊ ချောင်း၊ တံတား စသည်တို့ကို အမျိုးသားများက ထိန်းချုပ်ထားပါသည်။ အမျိုးသမီးများမှ အပ်ချုပ်စက်၊ မွေးမြူရေး၊ ရွှေတို့ကို ထိန်းချုပ်ထားပါသည်။ အမျိုးသား၊ အမျိုးသမီး နှစ်ဦးလုံးထိန်းချုပ်ထားသော အရင်းအမြစ်များမှာ ဖုန်း၊ တီဗွီ၊ စက်ဘီး ၊ ရေခဲသေတ္တာတို့ဖြစ်ပါသည်။

**အသုံးပြုမှု** အမျိုးသားများ သုံးစွဲသော အရင်းအမြစ်များမှာ နွား၊ ဆိုင်ကယ်၊ လယ်ယာမြေ၊ ထွန်စက်၊ နွားလှည်းစသည်တို့ဖြစ်ပါသည်။ အမျိုးသမီးများ သုံးစွဲသော အရင်းအမြစ်များမှာ အပ်ချုပ်စက်၊ မွေးမြူရေး၊ ရေတွင်း၊ ရွှေ စသည်တို့ကို အသုံးပြုကြပါသည်။ အမျိုးသားနှင့် အမျိုးသမီး ၂ ဦးလုံးအသုံးပြုသော အရင်းအမြစ်များမှာ ဖုန်း၊ တီဗွီ၊ စက်ဘီး၊ ရေခဲသေတ္တာ၊ တံတားတို့ဖြစ်ကြပါသည်။

## အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများကို ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေး၏အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ်ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းခွဲများတွင် အမျိုးသမီးများမှ တင်ပြတောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့်အုပ်စုများဖွဲ့၍ အခက်အခဲများ၊ မျှော်မှန်းချက်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းခွဲများထွက်ပေါ်လာသည်ထိ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။ ရက်စွဲ - ၁၅.၂.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေးအတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သောအချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီအချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် | √ | | |

| | | | | |
|---|---|---|---|---|
| | ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသား အုပ်စု မှတ်တမ်းတင်ဓါတ်ပုံ။



ကော်မတီဝင်များအားမဲပေးရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ




ကော်မတီဝင်များ၏ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲမပြုလုပ်မှီ မှတ်တမ်းတင်ဓါတ်ပုံ



လုပ်ငန်းခွဲမပြုလုပ်မှီ မှတ်တမ်းတင်ဓါတ်ပုံ

၈။ကျေးရွာကော်မတီ စာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးမောင်အေး | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ချိုချိုဝင်း | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးအောင်ကိုလတ် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးဝင်းမြင့် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်ဥမ္မာ | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးကျင်သောင်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်ယဉ်သောင်း | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်ခင်စိန် | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၉ | ဦးထက်သူဝင်း | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၀ | ဦးထွန်းထွန်းဝင်း | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းအဖွဲ့ |
| ၁၁ | ဒေါ်လှလှမော် | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၂ | ဦးစန်းလှိုင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်စန်းလှ | မ | စေတနာ့ဝန်ထမ်း |
| ၁၄ | ဒေါ်ဖြိုးကေခိုင် | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၄) ယောက် ကျား(၈)ယောက်+မ(၆)ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဒေါ်ချိုချိုဝင်း ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ

၂။ဦးမောင်အေး ဘဏ္ဍာရေးဆက်ကော်မတီဥက္ကဌ

**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်ဇင်မာလှိုင်

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၁၅.၂.၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအ

| | | | | | |
|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | ဝလီ | ☑ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား __________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--[illegible]----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်-[illegible]---- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်---[illegible]--------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား [illegible]

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---[illegible]------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) --မြစိမ်းရောင်------------

(၂) --[illegible]------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးစံဝေ

လက်မှတ် [signature] နေ့စွဲ ၁၃.၂.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ခင်မာလှိုင်

လက်မှတ် [signature] နေ့စွဲ ၁၃.၂.၂၀၁၇

၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် ဒေါ်ခင်တာလှိုင် | | | |
| နေ့စွဲ ၁၅ . ၂ . ၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း ( ၁ ) ☐ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) | |
| ပြည်နယ် / တိုင်း ဂျုံကုန် | မြို့နယ် ကျောက်တံ | ကျေးရွာအုပ်စု သာယာမြင်ကျင် | ကျေးရွာ အင်း |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း | ၁ | မိုးရာသီ သွားလာရ ခက်ခဲခြင်း |
| ၂ | လမ်းပန်းဆက်သွယ်သွားလာမှုခက်ခဲခြင်း | ၂ | ကျန်းမာရေး လက်လှမ်းမှီမှုမရှိခြင်း |
| ၃ | စာသင်ကျောင်းကျဉ်း ရေမြုပ်မှု ရှိခြင်း ကျက် | ၃ | အလုပ်အကိုင်အခွင့်အလမ်း ခက်ခဲခြင်း |
| ၄ | ကျန်းမာရေး ဆေးခန်း မရှိခြင်း | ၄ | မီးရရှိမှု မရှိခြင်း |
| ၅ | လျှပ်စစ်မီး မရှိခြင်း | ၅ | လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်း |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ မျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာစေရန် | ၁ | ရပ်ရွာသာယာ ဖွံ့ဖြိုးတိုးတက်လာစေရန် |
| ၂ | ဆက်သွယ်ရေးမြေသားလမ်းအားကွန်ကရစ်လမ်းဖြစ်လာစေရန် | ၂ | အလုပ်အကိုင်အခွင့်အလမ်းပေါ်များစေခြင်း |
| ၃ | စာသင်ကျောင်း ကောင်းမွန်လာစေရန် နှင့် မျက်နှာကြက်တပ်နိုင်လာစေရန် | ၃ | လျှပ်စစ်မီး ရရှိစေရန် |
| ၄ | ကျေးလက်ဆေး ပေးခန်းရှိလာစေရန် | ၄ | အလယ်တန်းကျောင်း ရရှိစေရန် |
| ၅ | လျှပ်စစ်မီး ရရှိလာစေရန် | ၅ | လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအစီစဉ်များ အားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁ | စက်ရေတွင်း ရရှိရန် | က + မ | ၄၀၀၀,၀၀၀ | |
| ၂ | ရွာတွင်း လမ်း | မ | ၁၃၀၀၀,၀၀၀ | |
| ၃ | တံတား ပြုပြင်ခြင်း | က | ၈၀၀၀,၀၀၀ | |
| ၄ | သောက်ရေကန်ပြုပြင်ခြင်းနှင့်ခြံစည်းရိုးခတ်ခြင်း | က + မ | ၆၁၀၀,၀၀၀ | |
| ၅ | ဆေးပေးခန်း | က + မ | ၈၀၀၀,၀၀၀ | |
| ၆ | စာသင်ကျောင်း ပြုပြင်ရန် | က | ၅၀၀၀,၀၀၀ | |
| ၇ | စာကြည့်တိုက် ပြုပြင်ရန် | က | ၄၀၀၀၀၀၀ | |
| ၈ | အလယ်တန်းကျောင်း | မ | ၂၀,၀၀၀,၀၀၀ | |
| ၉ | ဘောလုံး ကွင်း | မ | ၇၀၀၀,၀၀၀ | |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | ရေနုတ်မြောင်း၊ ရေကာတာ ပြုလုပ်ရန် | က | |
| ၂။ | လျှပ်စစ်မီး ရရှိရန် (ဆိုလာဒိုး) | က + မ | |
| ၃။ | ကလေးကစားကွင်း ရရှိရန် | မ | |
| ၄။ | ဆိုလာမီး (ဆိုလာဒိုး) ရရှိရန် | မ | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် ဦးကြည်ဝင်း လက်မှတ် [signature] နေ့စွဲ ၁၅-၂-၂၀၁၇

အမည်-ဒေါ်ခင်အေးအေးနိုင် လက်မှတ် [signature] နေ့စွဲ ၁၅-၂-၂၀၁၇

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

## ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ဂငူ

ကျေးရွာအုပ်စု သနပ်ပွင့်ချင်း

အစည်းအဝေးပြုလုပ်သည့်နေရာ ကျေးရွာဘုန်းကြီးကျောင်း

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ၁၃.၂.၂၀၁၇

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ကျေးရွာပထမအကြိမ်အစည်းအဝေး

---

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၈၉)ဦး ၊မ (၆၉ )ဦး= (၁၅၈) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက်။ ။ကျေးရွာလူထုအားစီမံကိန်းနှင့် ပတ်သက်သည်များကို သိရှိစေရန်။ ကျေးရွာစေတနာ့ဝန်ထမ်းများ ရရှိလာစေရန်။

ဆွေးနွေးချက်။ ။လူထုစည်းရုံးရေးမှူး ဒေါ်ခင်မာလှိုင်မှ ကျေးရွာသူ ရွာသားများအား မိတ်ဆက်၍ စီမံကိန်းစတင်ဖြစ်ပေါ်လာပုံနှင့် ရွာသူ၊ရွာသားများအား လုံးနှင့်သက်ဆိုင်ကြောင်း၊အားလုံးပူးပေါင်းပါဝင်မှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်နိုင်မည် ဖြစ်သောကြောင့် ပူးပေါင်းပါဝင်ပေးရန် ပြောကြားခဲ့သည်။

ဆွေးနွေးချက်။ ။ဒေါ်ခင်မာလှိုင်မှ စီမံကိန်း မိတ်ဆက် (၁၅)ချက်အားရှင်းလင်းပြောကြားခဲ့သည်။ စီမံကိန်း စက်ဝန်းကို ရှင်းပြခဲ့သည်။ အပိုင်း (၆) ပိုင်း အဆင့် (၁၄) ဆင့်ကိုလည်း ရှင်းခဲ့သည်။ ဆက်လက်၍ စီမံကိန်းတွင် အဓိက တာဝန်ရှိသူများနှင့် ၎င်းတို့၏ တာဝန်များ အကြောင်းရှင်းပြခဲ့သည်။ ထို့နောက် ရှင်းလင်းပြောကြားခဲ့သည်များကို မရှင်းလင်း၊ နားမလည်ပါက ပြန်လည်မေးမြန်းနိုင်ပါကြောင်း ပြောကြားခဲ့သည်။ ရွာလူထုမှ နားလည်ရှင်းလင်းပါကြောင်း ပြန်လည်ပြောကြားသောကြောင့် ပြောခဲ့သည်များကို ပြန်လည်အနှစ်ချုပ် ပြောကြားခဲ့သည်။

ဆုံးဖြတ်ချက်။ "ဆက်လက်၍ ဒေါ်ရင်မာလှိုင် ကျေးရွာစေတနာ့ဝန်ထမ်း
ရွေးချယ်မည့် အကြောင်းကို ရှင်းပြခဲ့သည်- အမျိုးသား(၃)ဦး၊
အမျိုးသမီး(၁)ဦး ရွေးချယ်ရပါမည်- ကျေးရွာတွင် စည်မျှထားမည်
ဟူသောအချက်ကိုမေးမြန်းရာတွင် ကျေးရွာမှ (၂)ယောက်သာထား
မည်ဖြစ်ရာ ကျေးရွာအချက်ဖြင့် အဆိုပြုရွေး၍ မဲပေးရွေးချယ်ရာ
တွင် ဦးကြည်နိုင် နှင့် ဒေါ်ချိုမာဦး တို့ကို ကျေးရွာစေတ
နာ့ဝန်ထမ်းအဖြစ် ပွင့်လင်းမြင်သာစွာ ရွေးချယ်ခဲ့သည်။ စေတနာ့
ဝန်ထမ်းရွေးချယ်ပြီးနောက်ဒေါ်ရင်မာလှိုင်မှ ရွာသူ၊ ရွာသားများ
အား ကျေးဇူးတင်ကြောင်း ပြောကြားပြီး လူထုဗဟိုပြုဖြစ်စဉ်
မိတ်ဆက်အစည်းအဝေးအား ကောင်းမွန်စွာ ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ
ဒေါ်ရင်မာလှိုင်
လူထုစည်းရုံးရေးမှူး

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီးကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ............ အင်ရ

ကျေးရွာအုပ်စု ............ သနပွင့်ချင်း

အစည်းအဝေးပြုလုပ်သည့်နေရာ ............ ကျေးရွာဘုန်းကြီးကျောင်း

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ............ ၁၅း၂း၂၀၁၇

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ............ ကျေးရွာနှင့်ဝိသာလကြီးမိအစည်းအဝေး

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၆၄)ဦး ၊မ ( ၅၇ )ဦး= (၁၂၁) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက်။ "အမျိုးသားများနှင့် အမျိုးသမီးများ၏ အခက်အခဲများအား သိရှိစေရန် ကျေးရွာ၏ မျှော်မှန်းချက်များ သိရှိစေရန်၊ ဦးစားပေးလုပ်ငန်းစဉ်များအား သိရှိစေရန် စီမံကိန်းလုပ်ငန်းစဉ်များအား ဦးဆောင်လုပ်ကိုင်နိုင်မည့်စီမံခန့်ခွဲမှုကော်မတီဝင်များ ထွက်ပေါ်လာစေရန်။

ဆွေးနွေးချက်။ "ဒေါ်ခင်မာလှိုင်မှ အမျိုးသား၊ အမျိုးသမီးများအား သီးခြားခွဲခြားစေ၍ ၎င်းတို့၏ အခက်အခဲများ၊ ကျေးရွာအတွက် မျှော်မှန်းချက်များကိုဖော်ထုတ်ခဲ့သည်။ ၎င်းအခက်အခဲများမှ မျှော်မှန်းချက်သို့ရောက်ရှိရန် စီမံကိန်းလုပ်ငန်းစဉ်များဖြင့် သွားမှသာ ရရှိနိုင်မည်ဖြစ်ကြောင်းကို ပြောကြားခဲ့သည်။ အမျိုးသား၊ အမျိုးသမီးများ၏ ထွက်ပေါ်လာသော ဖွံ့ဖြိုးရေးလုပ်ငန်းများအား ပေါင်းရေးကျခဲ့ဆန်စစ်ဖြင့် ဦးစားပေး သတ်မှတ်ခဲ့သည်။ တက်ရေတွင်း၊ ရွာတွင်းလမ်း၊ တံတား ပြုပြင်ခြင်း၊ သောက်ရေကန် ပြုပြင်ခြင်း နှင့် ခြံစည်းရိုးသတ်ခြင်း၊ ဆေးပေးခန်း၊ ကလေးကျောင်း ပြုပြင်၊ တကြည့်ကိုက် ပြုပြင်ရန်၊ အလယ်တန်းကျောင်း ရရှိရန်နှင့် ဘောလုံးကွင်း ရရှိရန်တို့ အများ သဘောဖြင့် မှန်ကန်ဖြစ်သောမှု ရှိကြ ရွေးချယ်ခဲ့ပါသည်။

သုံးဖြတ်ချက်။ ။ကျေးရွာ၏ ဦးစားပေးလုပ်ငန်းများအား စီမံကိန်းခွဲနိုင်ရန် ကျေးရွာစီ/တော့က် ခေါင်းဆောင်ကောင်းရှိရမည်ဟု ဆွေးနွေး၍ ၎င်းတို့၏ တာဝန်ဝတ္တရားများနှင့် အမျိုးသား၊ အမျိုးသမီး (၁၁)ဦး စီထားရှိရမည်ဟု ပြောကြားခဲ့၍ ကျေးရွာလူထုအား (၃၁)ဦးစီ အဆိုပြုစေရာ ဦးကြည်စိန်း နှင့် ဒေါ်စေးစေးခိုင် တို့မှ မဲအများ သုံး နှင့် ရွေးချယ်ခံခဲ့ရသည်။ ကျေးရွာငွေစာရင်းကိုင်အတွက် (၃၁)ဦးအဆိုပြု၍ မဲပေးရွေးချယ်ခဲ့ရာ ဦးမောင်ကိုဝင်းမှ ရွေးချယ်ခံခဲ့ရပါသည်။ ဝယ်ယူရေးဆပ်ကော်မတီအတွက် ဦးသန်းနိုင်၊ ဦးခင်မောင်ဦး၊ ဒေါ်သက်သက်မော် တို့ကို မဲပေး ရွေးချယ်ခဲ့သည်။ စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီတွင် ဦးကြည်သိန်း၊ ဒေါ်သန်းဌေးတို့ကို မဲပေးရွေးချယ်ခဲ့သည်။ လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီတွင် ဦးရှိဝင်း၊ ဒေါ်နုနုဝင်း တို့မှာ မဲအများသုံး ဖြင့် ရွေးချယ်ခံခဲ့ရပါသည်။ ဝေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးအဖွဲ့တွင် ဦးဆန်းထွန်း၊ ဒေါ်စိုးစိုးအောင်တို့မှာ အများဆန္ဒဖြင့်မဲပေးရွေးချယ်ခဲ့ကြသည်။

သဘောတူညီချက်။ ။ကျေးရွာလူထုမှတပ်မံ၍ ဒေါ်ခင်မာလှိုင်မှ လူထုမဲပေးရွေးချယ်မှုအပေါ် ကျေးရွာလူထု၏ သဘောထားကို ထပ်မံမေးမြန်း၍ အများသဘောတူညီချက်ဖြင့် လက်မြှောက်၍ မဲပေးရွေးချယ်ခဲ့ကြောင်း ပြောကြား၍ ရွေးချယ်ခံရသူများကို လက်ခံပါသလား ဟု ထပ်မံမေးမြန်းရာ အားလုံးသဘောတူညီသဖြင့် ရွေးချယ်ခံကော်မတီဝင်များကို ဆောင်ရန်၊ ရှောင်ရန်နှင့် လိုက်နာဘောကိုယ်ရေးအချက်အလက်များ လက်မှတ်ရေးထိုးစေ၍ ကျေးရွာသူ/သားများ၏ သဘောတူညီမှုဖြင့် အောင်မြင်ခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ
ဒေါ်ခင်မာလှိုင်
လူထုစည်းရုံးရေးမှူး

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-
မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊